# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 15 , 2023 | Volume 63, Number 11


၁၅.၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၄၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၅၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၂.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၄.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၀.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၆.၈၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၅၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၃.၄၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၇.၈၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၁၉၈ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပဲဈေးကွက်အမြင့်ဆုံးဈေးထိဖြစ်နေရာမှ ယခုသီတင်းပတ်တွင် အနည်းငယ်ကျဆင်း

ပို့ကုန်ပဲများ အပါအဝင် အသစ်ဝင်ပဲမျိုးစုံ ဈေးကွက်ကောင်းနေရာမှ ယခုသီတင်းပတ်တွင် အနည်းငယ် ဈေးကျဆင်းသွားကြောင်းသိရသည်။

အသစ်ဝင်ပဲဈေးကွက်တွင် ပို့ကုန်သမားနှင့်လှောင်လက်များ အပြိုင်အဆိုင်ဝယ်ယူမှုကြောင့် ပဲဈေးကွက် ဈေးမြင့်တက်နေရာမှ ပြည်တွင်းဒေါ်လာဈေး အပြောင်းအလဲမရှိတာကြောင့် ပဲဈေးကွက်တစ်အိတ် ငွေကျပ် ၅၀၀၀ မှ ၁၀၀၀၀ ထိ ဈေးပြန်လည်ကျဆင်းသွားကြောင်း၊ ပို့ကုန်ပဲအုပ်စုဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံ တစ်အိတ် ငွေကျပ် ၅၀၀၀ မှ ၁၀၀၀၀ ကြား ကျဆင်းသွားပြီး ပဲတီစိမ်းတစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ကျော်ထိ ကျဆင်းသွားကြောင်း၊ နှမ်းမျိုးစုံနှင့် မြေပဲဆန်ဈေးကွက်မှာ ပုံမှန်သာအရောင်းအဝယ်ရှိနေကြောင်း ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ) က ပြောသည်။

“ပဲမျိုးစုံ အကုန်ဈေးပြန်အေးသွားပါတယ်။ ပဲတီစိမ်းဈေးလည်း ကျဆင်းသွားတယ်။ ပြည်တွင်းသုံး ကုလားပဲတွေလည်း ဈေးတက်နေရာကနေ ပြန်လည်ကျဆင်းနေပါတယ်။ လှောင်လက်သမားတွေကတော့ ပစ္စည်းဝင်သလောက် အဝယ်ရှိနေပါတယ်။ ပဲစင်းငုံလည်း ဈေးပြန်ကျနေပေမယ့် အရောင်းအဝယ်ကတော့ ကောင်းနေပါတယ်။ အသစ်ဝင်ပဲတွေထဲမှာ မြေထောက်ပဲကတော့ ဈေးအမြင့်ဆုံးနဲ့ တစ်အိတ် ငွေကျပ် ၂၆၅၀၀၀ ထိ ပေါက်ဈေးရှိနေပါတယ်။ နှမ်း၊ မြေပဲဈေးကွက်ကတော့ ပုံမှန်သာအရောင်းအဝယ်ရှိနေပါတယ်။ ပဲဈေးကွက်တစ်ခုလုံး ဈေးအမြင့်ဆုံးနဲ့ အရောင်းအဝယ်သွက်နေတာကနေ လက်ရှိသီတင်းပတ်မှာတော့ အနည်းငယ်ဈေးကျ အဝယ်အေးသွားပါတယ်” ဟု ၎င်းက ပြောသည်။

**မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း**

ပြည်တွင်းဒေါ်လာဈေး တစ်ဒေါ်လာလျှင် ငွေကျပ် ၂၀၉၄ ပေါက်ဈေးဖြင့်သာ ငြိမ်နေပြီး ပြည်တွင်း ပဲဈေးကွက်အနည်းငယ်ကျဆင်းလာရာ ဖေဖော်ဝါရီ ၉ ရက်တွင် မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀၊ ပဲစင်းငုံ တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀၊ ပဲတီစိမ်းရွှေဝါ တစ်အိတ်လျှင် ငွေကျပ် ၂၂၈၀၀၀၊ အညာမှာ ထိပ်စသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ ပေါက်ဈေးရှိသည်။

**နှမ်း၊ မြေပဲ**

ပို့ကုန်ပဲများ ဈေးကျဆင်းသွားသော်လည်း နှမ်း၊ မြေပဲဆန်ဈေးကွက်မှာ ပုံမှန်သာ အရောင်းအဝယ်ဖြစ်နေသည်။ နှမ်းဖြူ ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ထိ ပေါက်ဈေးဖြစ်လာပြီး နှမ်းနက်စမုန်မှာ တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ ထိ

ပေါက်ဈေးရှိလာသည်။ မြေပဲအနီလုံးဆန် တစ်ပိဿာ ငွေကျပ် ၇၂၀၀၊ ဆီဆန်တစ်ပိဿာ ငွေကျပ် ၆၁၀၀ ပေါက်ဈေးအတိုင်း ပုံမှန်အရောင်း အဝယ်ဖြစ်နေသည်။

ပို့ကုန်ပဲများ ဈေးကျဆင်းနေတာကြောင့် ပြည်တွင်းသုံး ပဲမာလိုင်းများလည်း အနည်းငယ်ဈေးကျဆင်းသွားရာ ဖေဖော်ဝါရီ ၉ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀၊ ပဲယင်းကြီး(သစ်)တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀၊ ပဲကြီး(သစ်)တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ ပဲလွန်းဖြူတစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ ပဲဇီးကွက် တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၇၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀ ပေါက်ဈေးဖြစ်လာသည်။

**Source: မကွေးဂျာနယ်**

## တစ်တင်း ကျပ်ရှစ်သောင်းအထိဖြစ်လာသည့် ရန်ကုန်ပဲတီစိမ်းဈေး



https://greenwaymyanmar.com

ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက်မှာတော့ ပဲတီစိမ်းဈေးတွေဟာ အမြင့်ဆုံးတစ်တင်း (ပိဿာ ၂၀) ကို ကျပ် ၈၀၀၀၀ အထိ ဖြစ်လာပါတယ်။ မနေ့(ဖေဖော်ဝါရီ ၁၃)ကတော့ အမြင့်ဆုံးဈေး ကျပ် ၈၀၇၀၀ ထိဖြစ်သွားခဲ့ပြီး၊ ဒီနေ့မှာတော့ အနည်းငယ် ပြန်ကျသွားတာပါ။

ဒီနေ့ ဖေဖော်ဝါရီ ၁၄ ရက်မှာ ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက် ပဲတီစိမ်းဈေးတွေဟာ အမျိုးအစားအလိုက် အနိမ့်ဆုံးတစ်ပိဿာ ၂၈၆၅ ကနေ ၄၀၀၀ ကြား (တစ်တင်း ၅၇၃၀၀ ကနေ ၈၀၀၀၀ ကြား) ဈေးဖွင့်ထားတာဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိမှာ ပဲတီစိမ်းကို တရုတ်နဲ့အိန္ဒိယထံ အဓိကတင်ပို့နေသလို အခြားဥရောပနိုင်ငံတွေကိုလည်း တင်ပို့နေတာဖြစ်ကာ ရန်ကုန်ဘုရင့်နောင်ဈေးကွက် ပဲတီစိမ်းဈေးဟာ ယခုဖေဖော်ဝါရီလအတွင်း နေ့တိုင်းကို ဈေးတက်နေတာဖြစ်ပြီး ဒီနေ့ကျမှသာ နည်းနည်းလေး အကျရှိသွားတာဖြစ်ပါတယ်။

**ရန်ကုန်ဘုရင့်နောင်ဈေးကွက် ပဲတီစိမ်းဈေးများ (၁၄.၂.၂၀၂၃)**

ပဲတီစိမ်း(ခရမ်းရွှေဝါ) – ၃၉၁၅ မှ ၄၀၀၀ ကျပ် (တစ်ပိဿာဈေးနှုန်း)

ပဲတီစိမ်း(ပဲခူးရွှေဝါ) – ၃၁၆၅ မှ ၃၂၀၀ ကျပ် (တစ်ပိဿာဈေးနှုန်း)

ပဲတီစိမ်း(ဝါးခယ်မ) – ၂၈၆၅ မှ ၂၉၇၀ ကျပ် (တစ်ပိဿာဈေးနှုန်း)

#(တစ်တင်းဆိုပါက ပိဿာ ၂၀ ဖြစ်ပါသည်)

(လယ်ယာစိုက်ပျိုးရေးနှင့်ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများနှင့် သုံးသပ်ချက်ကို အခြေခံဖော်ပြခြင်း ဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Mung_bean_market_prices_Feb_14

## ပဲ၊ နှမ်း ဈေးကွက်တွင် ပဲစင်းငုံ(ဖြူ)(နီ) အရောင်းအဝယ်သွက်၍ ဈေးကောင်းရရှိ

မန္တလေးပဲ၊ နှမ်းဈေးကွက်တွင် ပဲစင်းငုံ(ဖြူ)နှင့် ပဲစင်းငုံ(နီ) အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူးထံမှ သိရသည်။ ပဲ၊ နှမ်းစသည့် ကုန်စည်များတွင် ယခင်က ပဲစင်းငုံ(ဖြူ)နှင့် ပဲစင်းငုံ(နီ)မှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှု နည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း ယခုလက်ရှိတွင် ပဲစင်းငုံ(ဖြူ)နှင့်ပဲစင်းငုံ(နီ)များကို ကုန်သည်များဝယ်ယူမှု များပြားလာသဖြင့် အရောင်းအဝယ်ကောင်းမွန်လာကြောင်း သိရသည်။

"ပဲစင်းငုံ(ဖြူ)နှင့်ပဲစင်းငုံ(နီ)က အရင်တစ်ပတ်လောက်က အရောင်းအဝယ် သိပ်ပြီးမကောင်းတာကြောင့် မန္တလေး ဈေးကွက်ထဲ ဈေးကောင်းသိပ်မရခဲ့ဘူး၊ အခုလက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်" ဟု ၎င်းကပြောသည်။

မန္တလေးပဲ၊ နှမ်းဈေးကွက်တွင် ဖေဖော်ဝါရီ ၆ ရက်ပေါက်ဈေးအရ ပဲစင်းငုံ (ဖြူ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၂,၀၀၀၊ ပဲစင်းငုံ(နီ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀,၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ပဲစင်းငုံ (ဖြူ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၂,၀၀၀၊ ပဲစင်းငုံ(နီ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၀,၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၅,၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၅,၀၀၀၊ နှမ်းနက် (စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) မှ သိရသည်။

**Source: the mirror**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/5791-beans,-in-the-sesame-market,-peas-white-red-are-traded-briskly-and-get-a-good-price.html

## လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်မှ ၁၀ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၁၀၁၄၆၅၀၆ ဒသမ ၈၇ ကန်ဒေါ်လာတင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၆၅၅၂၅၁ ဒသမ ၁ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ မြေထောက်ပဲ၊ ကြံ၊ ပဲတီစိမ်း၊ ပဲယင်း၊ ငရုတ်သီးနှင့်ဆန်ကွဲများ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၂၂၃၆၈၉ ဒသမ ၈၇ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၇၉၂၂၈၁၇ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ကုန်ထုတ်စက္ကူများ၊ လယ်ထွန်စက်များ၊ ဓါတုဗေဒချည်ခင်များ၊ ဆေးဝါးပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သော ပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သံပိုက်၊ ရော်ဘာပိုက်၊ Empty Cargo Container 45’ Feet နှင့် ပလပ်စတစ် ခြင်းတောင်းများ တင်သွင်းမှုရှိခဲ့ပါသည်။

ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၂၀၅၄၂ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၃၃၄၇၀၉ ဒသမ ၁ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၂၆ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၆ ဒသမ ၇၄ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇဟိုဌာန**

## မုံရွာမြို့နယ်အတွင်း အရောင်းအဝယ်ဖြစ်လျှက်ရှိသော ပဲမျိုးစုံဈေးနှုန်း/ဈေးကွက်အခြေအနေ

မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျှက်ရှိသော လယ်ယာထွက်ကုန်သီးနှံများထဲမှ ကုလားပဲဖြူ လုံးသေး၊ CPပြောင်းဖူးစေ့သီးနှံများ ဈေးငြိမ်၍ ပဲတီစိမ်းသေး၊ မတ်ပဲ၊ ကုလားပဲ 929၊ ပဲစဉ်းငုံဈေးနှုန်းများ ဆက်လက်မြင့်တက်နေပြီး ပဲကြီးနှင့်ကုလားပဲဖြူလုံးကြီး အနည်းငယ်ကျဆင်းသွားသည်။ ယခု တစ်ပတ်အတွင်း သီးနှံများ တစ်တင်းပေါက်ဈေးနှုန်းများမှာ ပဲစဉ်းငုံ (၆၅၅၀၀)ကျပ်၊ မတ်ပဲ(၆၀၀၀၀-၆၁၅၀၀)ကျပ်နှင့် ပဲတီစိမ်း(သေး) (၄၅၀၀၀)ကျပ် ပေါက်ဈေးရှိသည်။ ယခင်တစ်ပတ်အတွင်း ကာလတူပေါက်ဈေးနှုန်းများမှာ ပဲစဉ်းငုံတစ်တင်းလျှင် (၆၀၅၀၀) ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၅၇၅၀၀)ကျပ်နှင့် ပဲတီစိမ်း (ကြီး) တစ်တင်းလျှင် (၅၂၀၀၀)ကျပ်၊ ပဲတီစိမ်း (သေး) (၄၄၀၀၀)ကျပ် ပေါက်ဈေးရှိ၍ ယခု

တစ်ပတ်အတွင်း ကာလတူအချိန် နှင့်နှိုင်းယှဉ်ပါက ပဲတီစိမ်းသေး တစ်တင်းလျှင် (၁၀၀၀)ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၄၀၀၀)ကျပ်၊ ပဲစဉ်းငုံတစ်တင်းလျှင် (၅၀၀၀)ကျပ် နှုန်းမြင့်တက်နေကြောင်းသိရသည်။ ယခုတစ်ပတ်အတွင်း ပဲကြီးတစ်တင်းလျှင် (၈၀၀၀၀-၈၁၀၀၀)ကျပ်ရှိပြီး ယခင်တစ်ပတ်ကာလတူဈေးနှုန်းများမှာ ပဲကြီးတစ်တင်းလျှင် (၈၅၀၀၀ )ကျပ်ရှိ၍ ယခုတစ်ပတ်ကာလတူပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ပဲကြီးတစ်တင်းလျှင် (၄၀၀၀)ကျပ်ကျဆင်းသွားကြောင်း သိရသည်။

ကုလားပဲ (မျိုးစုံ)ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး(သစ်) တစ်တင်းလျှင် (၆၃၀၀၀) ကျပ်၊ ကုလားပဲဖြူလုံးသေး(သစ်) (၆၃၀၀၀) ကျပ်၊ 929(သစ်) (၆၁၅၀၀)ကျပ် ပေါက်ဈေးရှိပြီး ယခင်ပတ်ကာလတူ ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး(သစ်) တစ်တင်းလျှင် (၆၃၅၀၀) ကျပ်၊ ကုလားပဲဖြူလုံးသေး (သစ်) (၆၃၀၀၀) ကျပ်၊ 929(သစ်) (၆၁၀၀၀) ကျပ် ပေါက်ဈေးရှိ၍ ယခင်ပတ်အတွင်း ကာလတူပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ကုလားပဲဖြူလုံးသေး ဈေးငြိမ်နေပြီး၊ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၅၀၀)ကျပ်နှုန်းကျဆင်း၍ ၊ 929 ဈေးနှုန်းမှာ အနည်းငယ်မြင့်တက်နေကြောင်းသိရသည်။ CP ပြောင်းဖူးစေ့ တစ်တင်းလျှင် (၂၂၇၀၀) ကျပ် ပေါက်ဈေးရှိသည်။ ယခင်အပတ် ကာလတူ ပေါက်ဈေးနှုန်းမှာ CP ပြောင်းဖူးစေ့ တစ်တင်းလျှင် (၂၂၇၀၀)ကျပ်ရှိ၍ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက CP ပြောင်းဖူးစေ့ ဈေးငြိမ်နေကြောင်း သိရပါသည်။

Source: ဖေယျာကုန်သွယ်မှုဇဟိုဌာန

## မလေးရှားသို့ ကြက်ဥသန်း ၅၀ အိန္ဒိယတင်ပို့



https://t.me/sdtimedaily

အိန္ဒိယနိုင်ငံသည် မိမိနိုင်ငံထွက် ကြက်ဥအလုံးပေါင်း သန်း ၅၀ ကို မလေးရှားနိုင်ငံသို့ ယခု ဖေဖော်ဝါရီလမှစပြီးတင်ပို့နေကြောင်း ရိုက်တာသတင်းတွင် ရေးသားဖော်ပြထားသည်။

အိန္ဒိယနိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ ကြက်ဥကို အဓိကတင်ပို့နေခြင်းဖြစ်သည်။ သို့သော် ၂၀၂၂ ခုနှစ် နှောင်းပိုင်းတွင် မလေးရှားနိုင်ငံမှ ကြက်ဥအမှာစာများကို အိန္ဒိယနိုင်ငံက စတင်လက်ခံရရှိခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ တင်ပို့လျက်ရှိကြောင်းသိရသည်။

ပုံမှန်အားဖြင့်ဆိုလျှင် မလေးရှားနိုင်ငံသည် အာရှနိုင်ငံများသို့ ကြက်ဥတင်ပို့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့သော် ယခုနှစ်တွင် မလေးရှားနိုင်ငံသည် အာရှနိုင်ငံများသို့ ကြက်ဥကို လုံလောက်စွာတင်ပို့နိုင်ရေးအတွက် အိန္ဒိယနိုင်ငံမှလည်း အလုံးရေ သန်း ၅၀ အထိပင် ဝယ်ယူခြင်းဖြစ်သည်။

ကမ္ဘာ့စီးပွားရေး ကျဆင်းနေချိန်တွင် မလေးရှားနိုင်ငံ၌လည်း ကြက်ဥအထွက်နှုန်း ကျဆင်းခဲ့ရသည်။ ထို့ကြောင့် မလေးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံမှ ကြက်ဥတင်သွင်းရန် ၂၀၂၂ ခုနှစ် အစောပိုင်းကပင်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့်လည်း မလေးရှားနိုင်ငံသို့ ကြက်ဥအလုံးရေသန်း ၅၀ တင်ပို့မှုမှာ စံချိန်တင်တင်ပို့မှုတစ်ရပ် ဖြစ်လာမည်လည်းဖြစ်သည်။

အရှေ့အလယ်ပိုင်း နိုင်ငံများဖြစ်သည့် အိုမန်နိုင်ငံနှင့်ကာတာနိုင်ငံတို့သည် နှစ်စဉ်နှစ်တိုင်း အိန္ဒိယနိုင်ငံမှ ကြက်ဥများကို အများအပြားဝယ်ယူတင်သွင်းလျက်ရှိနေသည်။ သို့သော် ယခုနှစ်တွင်မူ အိန္ဒိယနိုင်ငံထွက် ကြက်ဥများကို မလေးရှားနိုင်ငံက အများဆုံးဝယ်ယူတင်သွင်းရန် အမှာစာပေးပို့ခဲ့ခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် မလေးရှားနိုင်ငံသို့ ကြက်ဥတင်ပို့မှုကိုအသုတ်ခွဲ၍ တင်ပို့သွားမည်ဖြစ်ပြီး၊ ကြက်ဥသန်း ၅၀ တင်ပို့မှုမှာ ၂၀၂၃ ခုနှစ် ဒုတိယနှစ်ဝက်တွင် အလုံးစုံပြီးဆုံးနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source: ခေတ်ပုံ – Reuters**

https://t.me/sdtimedaily

# STOCK EXCHANGE (15.2.2023)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 15th Feb. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,850 (Shares) | 20,138,200 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,500 | 8,500 | 8,400 | 676 | 5,702,800 | 33,109,694 | 281,432 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,150 | 1,770 | 5,617,200 | 38,929,150 | 126,520 |
| MCB | 00003 | 7,500 | -100 | -1.32% | 7,500 | 7,500 | 7,500 | 300 | 2,250,000 | 10,400,986 | 78,008 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 2,700 | 4,860,000 | 24,720,530 | 44,497 |
| TMH | 00005 | 2,550 | -50 | -1.92% | 2,550 | 2,550 | 2,550 | 94 | 239,700 | 12,823,224 | 32,699 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 22 | 57,200 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 5,000 | 4,900 | 288 | 1,411,300 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 15th Feb. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 383.15 | -2.87 | -0.74% | 385.42 | 385.42 | 379.01 | 5,850 | 20,138,200 | 7 | 666,535 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 13th Feb. 2023

| Trading Volume | Trading Value |
|---|---|
| 5,850 (Shares) | 20,138,200 (MMK) |

## Main Board

As of 1:00 pm, 15th Feb. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,850 (Shares) | 20,138,200 (MMK) |

| MYANPIX | 383.15 ▼ 2.87 |
|---|---|
| Total Volume (shares) | 5,850 |
| Total Value (MMK) | 20 mil |
| Listed Company | 7 |
| Market Cap. (MMK) | 666,535 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▼ 100 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 7,500 | ▼ 100 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,550 | ▼ 50 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |